မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၀)

ရတနာစိန်ဖူးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တင်လှူပူဇော်ပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်

ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ဦးစီးတင်လှူပူဇော်

နေပြည်တော် မတ် ၈

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်၌ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့ တက်ရောက်ကြည်ညိုကြပြီး ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ဦးစီးတင်လှူပူဇော်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ *

လက်ယာရစ် လှည့်လည်ပူဇော်

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားတွင် ရတနာစိန်ဖူးတော်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၉ ရက်)

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင် အဖျက်အန္တရာယ်ချေမှုန်းရာတွင် တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို အကြားအလပ်မရှိ တည်ဆောက်လျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရှည်လျားသောသမိုင်းတစ်လျှောက်လုံး အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ရပ်တည်လာခဲ့သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမည့်အန္တရာယ်နှင့် အချုပ်အခြာအာဏာ ဆုံးရှုံးမည့်အန္တရာယ် ကျရောက်မည့်ကာလတိုင်းတွင် တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည်။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။

တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ပန်ဆင်လျက် တာဝန်ကျရာဒေသ၌ ပြည်သူများနှင့် တစ်သွေးတည်း၊ တစ်သားတည်းနေထိုင်ပြီး အဖျက်ရန်မှန်သမျှ ပြည်သူနှင့်လက်တွဲ ချေမှုန်းလျက်ရှိသည်။

သမိုင်းကြောင်းအရ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးယုံကြည်ချက်အဖြစ်ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။ စိတ်ရင်းစေတနာအမှန်နှင့် ဆောင်ရွက်ခဲ့၍လည်း မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှမတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခဲ့သည်ကို အထင်အရှားတွေ့နိုင်သည်။

တပ်မတော်သားများသည် နိုင်ငံတော်၏ နေရာဒေသအနှံ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီပြီး ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ပေရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်သားများသည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများအား ချေမှုန်းရာ၌ တိုင်းရင်းသားပြည်သူများက လက်တွဲပါဝင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တွေ့ဆုံ

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက တာချီလိတ်တပ်နယ်ခန်းမ၌ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**အမြတ်ဆုံးအလှူ တရားတော်** (ဆရာတော် အရှင်ပုညာနန္ဒ)
၈:၀၀-၂:၀၀	ရေလှိုင်းကြွစီရရီ … သမိုင်းဝင်စေတီဦးကို ဖူးမြော်လှည့်ပါ (ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်)
၈:၂၀-၂:၂၀	ပုံဖော်ထွင်းထု အုန်းခွံပန်းပု
၈:၃၅-၂:၃၅	Activities in the City ရွှေရတုကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲ
၈:၅၀-၂:၅၀	နိုင်ငံတကာ အနုပညာရေးရာ
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အများနှင့်မသက်ဆိုင်သောသူ**
၉:၅၀-၃:၅၀	Biz Net
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀	စက္ကူထုပ်ပိုး ပြည်အကျိုး နိုင်ငံတော်မှာဝင်ငွေတိုး
၁၀:၃၅-၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀-၄:၄၀	မိုးလေဝသခန့်မှန်းချက်
၁၀:၄၅-၄:၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ရသာဆန်းပြား ပီဇာအစားအစာများ) (အပိုင်း-၁)
၁၁:၀၀-၅:၀၀	Golf ချစ်သူများအတွက် သတင်းကောင်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀-၅:၂၀	လရောင်အေးထဲက… လေးနက်သောအိပ်မက်များ
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (Reviver ငါ့ကိုယ်စောင့်နတ်)
၁၂:၀၀-၆:၀၀	အမြင်သစ်စာပေ၏ ရှားပါးစာအုပ်ပြပွဲ
၁၂:၁၀-၆:၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အသည်းရောင်အသားဝါ ဘီပိုးကူးစက်နိုင်ပုံနှင့်ကာကွယ်နိုင်ပုံ) (ပါမောက္ခဒေါက်တာဦးသံစစ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
၁၂:၄၀-၆:၄၀	မျိုးသန့်စိုက်ပျိုး အထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီ ရုပ်မြင်သံကြား

၉-၃-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၂၅	၆။	မျိုးချစ်တပ်မတော်
၄:၄၀	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၅:၁၅	၉။	နတ်လူသာခုခေါ်စေသော်
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၃၀)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၄)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ကွန်ပျူတာနည်းပညာပြပွဲ တက်ရောက်

နေပြည်တော် မတ် ၈

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (မန္တလေးတိုင်း)နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (မန္တလေးတိုင်း)တို့က ကြီးမှူးကျင်းပသော သတ္တမအကြိမ် ကွန်ပျူတာနည်းပညာပြပွဲကို မတ် ၁ရက် နံနက် ၈နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ(၁)၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး မြို့တော်ဝန်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌတို့နှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းမှူးသည် ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ အလက(၈) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း ပဉ္စမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ငမိုးရိပ်ခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ ကန်တော့ပစ္စည်းများနှင့်အလှူငွေများကို ကျောင်းသားဟောင်း ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၀၉၈၉၇နှင့် ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၉၁၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၈)**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာရည်ထူးချွန်ဆုပေးပွဲနှင့် ၂၀၀၈-၂၀၀၉ သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားတွင် မူလတန်းပြဆရာမ ဒေါ်ဆုမွန်ဖြိုးက ကျောင်းအတွက် လှူဒါန်းသော သင်ထောက်ကူပစ္စည်း(ရုပ်မြင်သံကြား၊ ဒီဗွီဒီ၊ မီးအားမြှင့်စက်)တို့ကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုး လက်ခံယူစဉ်။ (၁၂၉)

နေပြည်တော် မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၁၀-၃-၂၀၀၉)

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၂၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ပြောပါရစေရှင် (ဆေးစွမ်းတစ်လက် အသက်ထက်ဆုံး မပျက်မှိဝဲ)
၈:၄၀	တေးပဒေသာ
၉:၀၀	သောတရှင်လိုရာတေး
၉:၃၀	ဟောပြောချက်(မိန်ရာသီလတပေါင်း)
၉:၄၀	တေးပဒေသာ
၁၀:၀၀	မွေးနေ့လက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၀:၄၅	ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးပဲငါးပိအချိုနဲ့ ငါးခေါင်းဟင်းချို)
၁၀:၅၅	တေးသီချင်း
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅	(Talk on Line) (ယုန်လေး)
၁၁:၃၅	တေးပဒေသာ
၁၁:၄၅	သိပ္ပံပညာသိကောင်းစရာ
၁၂:၀၀	စံတော်ချိန်
၁၂:၃၀	အလုပ်အကိုင်အခွင့်အလမ်း (ဆေးသုတေသန)
၁၂:၄၀	ရွှင်လန်းစေချင်သောတရှင်
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	ပညာရေးအစီအစဉ် (ဘီအီးဒီ ဇီဝဗေဒတတ်ကျွမ်းမှု)
၁၃:၂၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး (အမွေ)
၁၆:၃၀	သောတရှင်လိုရာတေး
၁၇:၀၀	မေတို့တွက်တာအလှကမ္ဘာ (ခရီးထွက်တဲ့အခါ အလှမပျက်စေဖို့)
၁၇:၁၀	တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	ညနေခင်းတေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ညနေခင်းတေးပဒေသာ
၁၈:၃၀	စာအုပ်စာပေလူ့မိတ်ဆွေ (၁) မြန်မာအင်္ဂလိပ်နှစ်ဘာသာ လက်တွေ့ရေးသားနည်း လမ်းညွှန် (ဦးဝမ်ထိန်) (၂) လက်တွေ့အသုံးချ တရုတ် မြန်မာ အင်္ဂလိပ် ဝေါဟာရများ (ဦးအောင်နိုင်)
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ဇာတ်လမ်းပမာနားဆင်စရာ (အငှားခန္ဓာ)
၁၉:၂၀	တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	တေးစီးရီး (ရှိနေမယ်-ဟန်ထွန်း) စီးပွားရေးဦးတည်ချက်
၂၀:၄၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၂၁:၀၀	ချမ်းမြေ့သာယာသီရိဂေဟာ (အဖော်မွန်) လူမှုရေးဦးတည်ချက်
၂၁:၁၀	ခံစားနားဆင်တေးဂန္ထဝင်
၂၁:၃၀	ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော် တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများဖြင့် ဆက်လက်ပြသဖျော်ဖြေ

နေပြည်တော် မတ် ၈

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကြည့်ချင်ပွဲများကို အဋ္ဌမနေ့ဖြစ်သည့် မတ် ၇ရက် ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် ရာဇဌာနီလမ်းအနီးရှိ ပွဲတော်ကွင်း၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မန္တလေးမြို့ **သစ်လွင်** အငြိမ့်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမသဘင်ပညာဖြင့် တင်ဆက်ကပြဖျော်ဖြေပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်ကလည်း **ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်တင် သတင်းမှတ်တမ်း၊ ချစ်ခြင်းဖွဲ့မေတ္တာ** နှင့် **မျက်နှာများတဲ့ ကောင်းကင်** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ပြသဖျော်ဖြေရာ ဒေသခံပြည်သူ ၂၂၀၀၀ကျော် ပျော်ရွှင်စွာ လာရောက်ကြည့်ရှုကြသည်။

ပြသဖျော်ဖြေ

နဝမနေ့အဖြစ် ယနေ့ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် **ဖိုးချစ်** ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ငါ သူတစ်ပါး ယောက်ျား မိန်းမ** နှင့် **မိုးပေါ်ခုန်တက် ကလိုက်ချင်တယ်** ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေကြပြီး ဒသမနေ့အဖြစ် မတ် ၉ရက် ညပိုင်းတွင် ကြည့်ချင်ပွဲများအဖြစ် **ဖိုးချစ်** ဇာတ်သဘင်အဖွဲ့နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်ကွန်းရုပ်ရှင်က **ကိုးဆယ်ဆသာလိမ့်မယ်** နှင့် **အမေနှင့်သမီးများ** ရုပ်ရှင်ဇာတ်ကားများဖြင့် ပြသဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖိုးချစ်ဇာတ်သဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများ ကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဖိုးချစ်ဇာတ်သဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်ရာ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ပျော်ရွှင်စွာဆင်နွှဲ

ဥပ္ပါတသန္တိစေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဒေသခံပြည်သူများ ပျော်ရွှင်စွာလာရောက် ဆင်နွှဲကြစဉ်။

(သတင်းစဉ်)

ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချ

ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကျင်းပမည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော ပွဲတော်ကွင်း၌ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချစဉ်။

(သတင်းစဉ်)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ် လေတပ်အခြေစိုက်စခန်းမှ ကက်ပ်လာအဝေးကြည့်မှန်ပြောင်း သယ်ဆောင်သွားသည့် ဒုံးပျံအား အာကာသအတွင်းသို့ လွှတ်တင်နေသည်ကို မတ် ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်လေတပ် အခြေစိုက်စခန်း ပိတ်မည့်ဆုံးဖြတ်ချက် ပြောင်းလဲမည်မဟုတ်ဟု ကာဂျစ္စတန် ပြောကြား

ဘစ်ရှ်ကက် မတ် ၈

အာဖဂန်စစ်ပွဲအတွက် အမေရိကန်က အသုံးပြုခဲ့သည့် အမေရိကန်စစ်ဘက်ဆိုင်ရာ လေတပ်အခြေစိုက်စခန်းကို ပိတ်ပစ်မည့်ဆုံးဖြတ်ချက်အား ကာဂျစ္စတန်နိုင်ငံက အပြောင်းအလဲပြုလုပ်မည်မဟုတ်ကြောင်း သမ္မတကာမန်ဘက်ဘာကီယက်၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၇ရက်တွင် ပြောကြားသည်။

ထောက်ခံ

ကာဂျစ္စတန်၏မြို့တော် ဘစ်ရှ်ကက်မှ ၃၅ကီလိုမီတာအကွာရှိ မာနက်လေတပ်အခြေစိုက်စခန်းကို ပိတ်ပစ်ရန်အတွက် ရုရှားထံမှ အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ချေးငွေများရယူပြီးနောက် အာရှအလယ်ပိုင်းနိုင်ငံများက ကာဂျစ္စတန်သမ္မတဘာကီယက်၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သည်။

စောင့်မျှော်

ကာဂျစ္စတန်က အမေရိကန်တပ်ဖွဲ့ဝင်များ နေထိုင်ရန် ခွင့်ပြုမပြုကို ဘီဘီစီသတင်းထောက်က မေးမြန်းရာတွင် ဘာကီယက်က အာဖဂန်နစ္စတန်၏အခြေအနေ တည်ငြိမ်မှုရရှိရန် ရည်ရွယ်သည့် အမေရိကန်အစိုးရ၏ အဆိုပြုချက်အသစ်များရရှိရန် မိမိတို့က အဆင်သင့် စောင့်မျှော်နေသည်ဟု ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပွဲထိန်းစနစ်သုံး ဒုံးကျည်

၂၀၁၀ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၌ တည်ဆောက်ရန် စီစဉ်ထားသည့် ဒုံးကျည်ကာကွယ်ရေးစခန်းတွင်ထားရှိမည့် ပွဲထိန်းစနစ်သုံး ဒုံးကျည်များကို နယူးဒေလီမြို့၌ မတ် ၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

၂၀၀၈ ခုနှစ်၌ သံတမန်ကဏ္ဍစိန်ခေါ်မှုများအကြား အကျိုးဖြစ်ထွန်းမှုရှိ တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီပြောကြား

ပေကျင်း မတ် ၈

တရုတ်နိုင်ငံ၏ သံတမန်ကဏ္ဍသည် ၂၀၀၈ခုနှစ်တွင် ကြီးမားသည့် စိန်ခေါ်မှုများဖြင့်ကြုံတွေ့ခဲ့ရလင့်ကစား အကျိုးဖြစ်ထွန်းမှုရှိသည့်နှစ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီက မတ် ၇ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် မြေငလျင်လှုပ်ခဲ့သည့်ဖြစ်ရပ်၊ ပေကျင်းအိုလံပစ် မကျင်းပမီကာလအတွင်း အဖျက်အမှောင့်လုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းစသည့် ကြီးမားသော ဖြစ်ရပ်များက တရုတ်နိုင်ငံ၏ သံတမန်လုပ်ငန်းများအတွက် လွန်ခဲ့သည့်နှစ်အတွင်း အကြီးမားဆုံး စိန်ခေါ်မှုများဖြစ်ခဲ့သည်ဟု ယန်ကျီချီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

စံထား

မည်သို့ပင်ဖြစ်စေကာမူ တရုတ်နိုင်ငံက စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရာ သံတမန်ကဏ္ဍတွင် ကောင်းမွန်သည့် အကျိုးဖြစ်ထွန်းမှုများ ရှိခဲ့သည်ဟု ယန်က ပေကျင်းအိုလံပစ်ပွဲကို စံထား၍ ကိုးကားပြောကြားသည်။

ကောက်ချက်ချ

ယခုနှစ်သစ်တွင်လည်း တရုတ်နိုင်ငံ၏ နိုင်ငံတကာဆိုင်ရာ ဖလှယ်မှုအစီအစဉ်များတွင် ကောင်းမွန်စပြုနေသည်ကို တွေ့မြင်နေရသည်ဟု ၄င်းက ကောက်ချက်ချသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အရပ်သားများအား အကာအကွယ်မပေးနိုင်

ဝါရှင်တန် မတ် ၈

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အရပ်သားများကို ကောင်းစွာ အကာအကွယ် မပေးနိုင်ကြောင်း၊ ထို့ပြင် ၄င်းတို့၏ စစ်ဆင်ရေးများအတွက် ထောက်လှမ်းရေးသတင်းများ ပြည့်စုံစွာမရရှိတော့ကြောင်း လေ့လာတွေ့ရှိချက်ကို မတ်၇ရက်က ဖော်ပြလိုက်သည်။

မှားယွင်းပစ်ခတ်

အဆိုပါ တပ်ဖွဲ့ဝင်များက သူပုန်နှိမ်နင်းရာတွင် ဒေသခံပြည်သူတို့၏ ထောက်ခံမှုမှာ အရေးပါကြောင်း လက်ခံထားသော်လည်း အရပ်သားများအား ကောင်းစွာ အကာအကွယ် မပေးနိုင်ဘဲ တစ်ခါတစ်ရံတွင် မှားယွင်းပစ်ခတ်မှုများ ရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်ပြည်သူနှစ်ဦး သတင်းပေးမှုကြောင့် အသတ်ခံရ

အစ္စလမ္မာဘတ် မတ် ၈

အာဖဂန်နစ္စတန် နယ်စပ်အနီး ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် အမေရိကန်တို့အတွက် ထောက်လှမ်းသတင်းပေးနေသည်ဆိုကာ လူနှစ်ဦးကို စစ်သွေးကြွများက သတ်ဖြတ်လိုက်ကြောင်း ပုဂ္ဂလိကပိုင် ရုပ်မြင်သံကြားဌာနတစ်ခုက မတ် ၆ရက်တွင် ကြေညာသည်။

သေဆုံးသူ အာဖဂန်နစ္စတန်ပြည်သူနှစ်ဦး၏ အလောင်းဘေးတွင် အမေရိကန်တို့အတွက် သတင်းပေးသူများဖြစ်သည်ဟူသောစာများကို တွေ့ရကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပရိဘောဂကုန်စည်ပြပွဲ ဗီယက်နမ်၌ကျင်းပမည်

ဟနွိုင်း မတ် ၈

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ မတ် ၁၁ရက်တွင် အပြည်ပြည်ဆိုင်ရာ ပရိဘောဂ ကုန်စည်ပြပွဲ ကျင်းပမည်ဖြစ်ရာ နိုင်ငံတကာမှ အတတ်ပညာရှင်များ၏ လက်ရာများဖြစ်သည့် ပရိဘောဂပစ္စည်းများကို ကမ္ဘာ့ဈေးကွက်အတွင်း ဖြန့်ဖြူးနိုင်ရေးအတွက် ထည့်သွင်းပြသမည်ဖြစ်ကြောင်း မတ် ၇ရက်တွင် ဗီယက်နမ်နယူးစ်က သတင်းထုတ်ပြန်သည်။

အဆိုပါ ကုန်စည်ပြပွဲကို လေးရက်ကြာကျင်းပမည်ဖြစ်ရာ နိုင်ငံတကာမှ ကုမ္ပဏီပေါင်း ၁၅၀ပါဝင်ပြသမည်ဖြစ်ပြီး ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားခန်း အပါအဝင် အိမ်သုံး၊ ရုံးသုံး အသုံးအဆောင် ပရိဘောဂပစ္စည်းများကိုလည်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ လက်မှုပညာရှင်များနှင့် စက်မှုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။

(အင်တာနက်)

ခိုးရာပါယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ လေလံတင်ရောင်းချမှု တရုတ်အစိုးရ ဆန့်ကျင်

ပေကျင်း မတ် ၈

ခိုးယူခံထားရသည့် တရုတ်ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ လေလံတင်ရောင်းချမှုကို တရုတ်အစိုးရက ဆန့်ကျင်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ယန်ကျီချီက မတ် ၇ရက်တွင် ပြောကြားသည်။

ဆုံးရှုံးနစ်နာ

ကင်မင်းဆက်လက်ထက်မှ ကြေးယုန်ပန်းပုရုပ်နှင့်ကြွက်ခေါင်း ပန်းပုရုပ်လက်ရာများ လေလံတင်ရောင်းချမှုနှင့် ပတ်သက်၍ ဝေဖန်ပြောကြားရာတွင် ယန်ကျီချီက ဖော်ပြပါလေလံပွဲသည် မိမိတို့ကို ဆုံးရှုံးနစ်နာမှုဖြစ်ပေါ်စေသည့် လုပ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါ ပန်းပုလက်ရာများသည် တရုတ်နိုင်ငံမှခိုးယူလာသည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သဖြင့် တရုတ်အစိုးရအနေဖြင့် ယင်းပစ္စည်းများပြန်လည်ရယူနိုင်သည့် အခွင့်အရေးရှိသည်ဟု ၄င်းက ပြောကြားသည်။

ခိုးယူခဲ့

ဖော်ပြပါ ကြေးရုပ်ပန်းပုလက်ရာများသည် ယွမ်နင်ယွမ်ဒေသ သို့မဟုတ် ရှေးဟောင်းနွေရာသီနန်းတော်မှ ခိုးယူလာသည့် ပစ္စည်းများဖြစ်ပြီး ၁၈၆၀ပြည့်နှစ်အတွင်းက ဖြစ်ပွားခဲ့သည့် ဒုတိယအကြိမ်ဘိန်းစစ်ပွဲအတွင်း အင်္ဂလိပ်-ပြင်သစ်အပေါင်းပါတပ်ဖွဲ့များက ခိုးယူခဲ့ခြင်းဖြစ်သည်။

အကြိမ်ကြိမ် ကြိုးပမ်း

တရုတ်အစိုးရသည် ယင်းပစ္စည်းလေလံတင်မရောင်းချရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

အမ်အင်န်အေ၊ဆင်ဟွာ

ရှားပါးကျားနက်မ ထောင်ချောက်၌မိ၍သေဆုံး

ကိုလံဘို မတ် ၈

သီရိလင်္ကာနိုင်ငံ တောင်ပိုင်းတွင် သေဆုံးသွားသည့် ကျားနက်မတစ်ကောင်ကို တွေ့ရကြောင်း ဒေးလီးမိုင်ရာသတင်းစာတွင် မတ် ၇ရက်က ဖော်ပြသည်။

အဆိုပါ ကျားနက်မမှာ ကိုလံဘိုမြို့တော်အရှေ့တောင်ဘက် ၁၂၅မိုင်ခန့်အကွာ တောထဲတွင် သားရဲတိရစ္ဆာန်ခိုးဖမ်းသူတစ်ဦး၏ ထောင်ချောက်၌ မိကာ သေဆုံးသွားခြင်းဖြစ်သည်။ ယင်း ကျားနက်မျိုးမှာ ယခုအခါ ရှားပါးပြီး တွေ့ကြုံရခဲသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့ ဆင်ခြေဖုံး ဒေသတွင် ရဲတပ်ဖွဲ့ ကင်းလှည့်ကားအနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၂၅၆ဦးရှိပြီ

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလက်ရှ်အာဒင်ပြည်နယ်တွင်ဖြစ်ပွားသော တိုက်ခိုက်မှုတွင် ရရှိခဲ့သောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က မတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

ဆာလက်ရှ်အာဒင်ပြည်နယ်တွင် ယင်းနေ့က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် များ၏ ကင်းလှည့်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဖော်ပြ

သေဆုံးသည့် တပ်ဖွဲ့ဝင်၏အမည်အား ၄င်း၏ ဆွေမျိုးများသို့ အကြောင်းကြားရေးကို ဆိုင်းငံ့ထားကြောင်း၊ တိုက်ခိုက်မှုနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သတင်း၌ဖော်ပြသည်။

အမေရိကန်နှင့်အပေါင်းပါများ ၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့ကတည်းက ယင်းနိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း၄၂၅၆ဦး ရှိသွားပြီဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်

နေပြည်တော် မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက် အမှာစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်-ပေါက်ခေါင်း-အုတ်တွင်းကားလမ်း တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းသည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ်ရှိ ပြည်-ပေါက်ခေါင်း-အုတ်တွင်းကားလမ်း မိုင်တိုင် အမှတ်(၁၁၃/၂) အနီးရှိ ကျောက်ခွဲစက်မှ ကျောက်များသယ်ယူနေမှု၊ မိုင်တိုင် အမှတ်(၁၀၈/၁)အနီး၌ ကျောက်အခြေခံလွှာခင်းခြင်းလုပ်ငန်းနှင့် မိုင်တိုင်အမှတ် (၁၁၀/၇)အနီး၌ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မျိုးစပါး

တိုင်းမှူးသည် မတ် ၁ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် တောင်သူဦးတင်ဝင်း၏ လယ်မြေ၌ကျင်းပသည့် စပေါင်းမြေသြဇာကြဲပက်ပွဲ၊ ကုန်းကြီးအုပ်စုတောင်သူ ဦးတင်အောင်၏ လယ်မြေ၌ ကျင်းပသည့် စပေါင်းမြေသြဇာကြဲပက်ပွဲနှင့် ညောင်ပင်သာအုပ်စု တောင်သူဦးဝင်းမြင့်၏ လယ်မြေ၌ကျင်းပသည့် နွေစပါးစိုက်ပျိုးပွဲတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မျိုးစပါးများ၊ ဆန်နမူနာများနှင့် မြေသြဇာများကို ကြည့်ရှုစစ်ဆေးသည်။

ဖြေဆိုမှု

ထို့နောက် တိုင်းမှူးသည်ကေတုမတီမြို့ တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည့် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိ၊ အရာခံ၊ အကြပ်အဆင့် ရေးဖြေပြိုင်ပွဲများ၌ ဝင်ရောက်ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်သဟာယအသင်း မိတ်ဆုံအပန်းဖြေ ခရီးထွက်မည်

ရန်ကုန် မတ် ၈

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ မိတ်ဆုံအပန်းဖြေခရီးစဉ်အဖြစ် မတ်၂၇ရက် နံနက် ၆နာရီခွဲတွင် နှစ်ထပ်သင်္ဘောကြီးဖြင့် ရန်ကုန်မြို့ မော်တင်လမ်းဆိပ်ခံဇာတ်တားမှ ဒေးဒရဲမြို့သို့ စတင်ထွက်ခွာကာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်ရောက်မည် ဖြစ်ပြီး သင်္ဘောပေါ်တွင် ထမင်း၊ ဟင်းလျာနှင့် အချိုရည်များကို ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ အပန်းဖြေခရီးစဉ်ကို စိတ်ပါဝင်စားသူ၊ လိုက်ပါလိုသူ အသင်းသူ၊ အသင်းသားများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးဘိုးတင် ဖုန်း-၀၉-၈၅-၀၂၈၂၁၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂နှင့် ဒေါ်လှလှရီ ဖုန်း-၆၄၅၅၁၀တို့ထံ လက်မှတ်များ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကညင်ရေလှောင်တမံနှင့် မမြဲရေလှောင်တမံ တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၇နာရီခွဲက ဟင်္သာတမြို့နယ်ရှိ ဝန်တံတား(မြို့တွင်း)တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်မြစ်ကမ်းဝဲယာ သဲသောင်ခုံများ၌ ပဲမျိုးစုံနှင့်နေကြာသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တပ်ဆင်ထား

ထို့မှတစ်ဆင့် တိုင်းမှူးသည် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများနှင့် မြန်အောင်မြို့နယ်ရှိ မမြဲရေလှောင်တမံ လက်ယာတူးမြောင်း၌လျှပ်စစ်ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြော

တိုင်းမှူးသည် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းက ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မဈေးပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်ခန်းမ၌ကျင်းပသည့် အစုစပ်ကုမ္ပဏီဖွဲ့စည်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် အလှူရှင်များလှူဒါန်းသည့် သွပ်များကိုလက်ခံပြီး ဆန်နှင့်ပဲကုန်သည်ကြီးများ၊ ဆန်စက်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ထို့နောက်တိုင်းမှူးသည်(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပသည့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဆောင်ရွက်ပြီးစီးခဲ့သော ဦးဖဲလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်ညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နည်းပညာတက္ကသိုလ်(သန်လျင်) ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၈

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(သန်လျင်) မိသားစု၏ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၆ရက် နံနက် ၁၀နာရီက နည်းပညာတက္ကသိုလ်(သန်လျင်) ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ယင်းစုပေါင်းသွေးလှူဒါန်းပွဲသို့ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သွေးလှူရှင် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ရောဂါဗေဒဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာ သီတာအောင်နှင့် သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

သွေးလှူဒါန်း

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာကေသီလွင်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ရောဂါဗေဒဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာသီတာအောင်က သွေးအကြောင်းသိကောင်းစရာများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် အသိပညာပေးဆွေးနွေးသည်။ **(အောက်ပုံ)** ယင်းနောက် နည်းပညာတက္ကသိုလ်(သန်လျင်) မိသားစုများက သွေးများလှူဒါန်းကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မိုးကုတ်မြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၈

မိုးကုတ်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေလတွင် ရန်ကုန်မြို့နှင့် မိုးကုတ်မြို့တို့၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါအာစရိယပူဇော်ပွဲတွင် မိုးကုတ်မြို့ရှိကျောင်းအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ပြည့် အငြိမ်းစား ဆရာ ဆရာမများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးအုန်းကို ဖုန်း-၀၉-၅၀-၀၃၉၉၀၊ ဦးသိန်းအောင် ဖုန်း-၅၂၆၆၅၅၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၉၉-၂၆၃၀၇၊ ဦးသန်းဝင်း ဖုန်း-၀၉-၉၀-၃၁၃၈၁၊ ဦးတင်ဦး ဖုန်း-၀၉-၈၀-၂၁၀၂၆၊ ဦးဇော်မျိုးနိုင် ဖုန်း-၀၉-၅၀-၂၅၄၉၂၊ ဒေါ်ကြူကြူဇင် ဖုန်း-၂၉၀၃၉၄၊ ဦးခင်မောင်လွင် ဖုန်း-၀၉-၉၉-၂၇၁၂၁၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၉၉-၂၁၀၄၅နှင့် ဒေါ်တင့်တင့်အောင် ဖုန်း-၀၉-၈၀-၂၀၅၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ပြည်-ပေါက်ခေါင်း-အုတ်တွင်းကားလမ်းတွင် ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်

ဝန်မြစ်ကမ်းဝဲယာ သဲသောင်ခုံများ၌ ပဲမျိုးစုံနှင့်နေကြာသီးနှံများ စိုက်ပျိုးထား

တင်လှူပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်မိသားစုဝင်များ ရတနာစိန်ဖူးတော်အား ရွှေကရိန်းမည်သာ မင်္ဂလာစက်ယန္တရားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသ တို့ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များ၊ နေပြည်တော် မြို့မ၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ သံဃနာယကအဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၅၈၃ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီဝင်များ၊ ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက် ကြည်ညိုကြသည်။

မဟာမင်္ဂလာ အခမ်းအနားတွင် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇ ဦးသူရက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားသည်။

အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ မဟာမင်္ဂလာအခမ်းအနား ပထမပိုင်း အစီအစဉ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှုဆည်းပူးခြင်းကို နံနက် ၇နာရီ မိနစ်၂၀တွင် စေတီတော်၏ လိုဏ်တော်အတွင်း၌ ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် အဆိုတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဦးထွန်းရွှေက စောင်း ဦးစိုးဝင်း(မန္တလေး)နှင့် တွဲဖက်၍ ထူးမခြားနား သီချင်းခံသုံးပိုဒ်ဖြင့် သီကျူးပူဇော်ပြီး နန်းရှေ့မဟာ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာဒွေခရုနှင့် အောင်စည်အောင်မောင်း ကိုးချက် တီးခတ်ပူဇော်သည်။

ကိုးပါးသီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ ထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ဘဝတု သဗ္ဗမင်္ဂလံ သုံးဂါထာကို ရွတ်ဆိုတော်မူကြသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား ဒုတိယပိုင်း ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းအစီအစဉ်ကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ အလှပန်းစိုက် ငွေဖလားကိုင်၊ သာသနာ့အလံကိုင် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ၊ ပန်းကြဲအဖွဲ့များနှင့် ငွေဖလားကိုင် ဥပါသကာများသည် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ဖတ်ကြားပူဇော်

ထို့နောက် အခမ်းအနားမှူးက ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပူဇော်ခွင့် ပြုတော်မူပါရန် တောင်းပန်လျှောက်ထားသည့် **"ပသန္နယာစန"** ကထာကို ဖတ်ကြားပူဇော်သည်။

လှည့်လည်ပူဇော်

ယင်းနောက်ရတနာစိန်ဖူးတော်အား နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက မင်္ဂလာဝေါယာဉ်တော်ဖြင့် လည်းကောင်း၊ ရတနာငှက်မြတ်နားတော်အား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က မင်္ဂလာဝေါယာဉ်တော်ဖြင့် လည်းကောင်း၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီး မိသားစုများ၊ ပရိသတ်များ လိုက်ပါပူဇော်ကြလျက်လည်းကောင်း စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ထိုသို့လှည့်လည်ပူဇော်ရာတွင် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား ထီးဖြူဆောင်းမိုး ပူဇော်သည့် ဥပါသကာများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံခင်းကျင်းလျက် နန်းရှေ့မဟာမင်္ဂလာ စည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများ တီးခတ်ပူဇော်ကြကာ သာသနာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ လှည့်လည်ပူဇော်ကြသည်။

တက်ရောက်နေရာယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်၌ တပ်ဆင်ပူဇော်နိုင်ရန် စေတီတော်အထွတ်ငြမ်းအထက်သို့ တက်ရောက် နေရာယူကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့

ရတနာငှက်မြတ်နားတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ ဘုရားဒါယကာ ဒါယိကာမများကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်ဆင်ပူဇော်စဉ်။ (သတင်းစဉ်)

9-3 (06).pmd 1 3/9/2009, 2:09 AM

ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများကို ဝေဟင်မှ ကြည့်ညို ဖွယ်ရာ ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်သည့် ''ပသန္နယာစန'' ကထာကို ဖတ်ကြားပူဇော်သည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပူဇော်ရာ ပရိသတ်များက တိတ်ဆိတ်ငြိမ်သက်စွာ ရတနာမြတ်သုံးပါးဂုဏ်တော်တို့အား အာရုံပြုကြသည်။

တင်လှူပူဇော်

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက ရတနာရွှေကြိုး၊ ငွေကြိုးများဆွဲ၍ ရတနာငှက်မြတ်နားတော်အား ရွှေကရိန်းမည်သာ မင်္ဂလာစက်ယန္တရားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြသည်။

ထိုသို့ တင်လှူပူဇော်စဉ် အနုပညာဦးစီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့က ကောင်းကင်ကြိုးသံဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။

တပ်ဆင်ပူဇော်

ဆက်လက်၍ မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၈နာရီ မိနစ်၄၀ ၃၃စက္ကန့်တွင် အခမ်းအနားမှူးက မင်္ဂလာအခါတော်ဟု ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်နက် ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရတနာငှက်မြတ်နားတော်အား စေတီတော်အထွတ်၌ တပ်ဆင်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များက ရတနာရွှေကြိုး၊ ငွေကြိုးများဆွဲ၍ ရတနာစိန်ဖူးတော်အား ရွှေကရိန်းမည်သာ မင်္ဂလာစက်ယန္တရားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ရတနာ စိန်ဖူးတော်အား ဥပ္ပါတသန္တိ စေတီတော်အထွတ်၌ ဘုရားဒါယကာ၊ ဒါယိကာမများ ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းတို့ တပ်ဆင်ပူဇော်ကြပြီး သာသနာ့အောင်လံတော်ကိုတပ်ဆင် ပူဇော်ကြစဉ်။ (သတင်းစဉ်)

ပက်ဖျန်းသန့်စင်

ထို့နောက် မင်္ဂလာအချိန်ဖြစ်သည့် နံနက် ၉နာရီတွင် ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရတနာစိန်ဖူးတော်အား စေတီတော်အထွတ်၌တပ်ဆင်ပူဇော်ကြပြီး သာသနာ့အောင်လံတော်ကို တပ်ဆင်ပူဇော်ကာ ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းသန့်စင် ပူဇော်ပေးကြသည်။

အောင်ဂါထာတော်

ထိုအချိန်တွင် ဆရာတော် သံဃာတော်များ ဦးဆောင်တော်မူ၍ ပရိသတ်များက ဇယန္တောဗောဓိယာမူလေ အစရှိ ဇယမင်္ဂလာ အောင်ဂါထာတော်ကို ညီညာဖြိုဖြိုး သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များ ပက်ဖျန်းသန့်စင်ပူဇော်

ရတနာစိန်ဖူးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တပ်ဆင်ပူဇော်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းသန့်စင် ပူဇော်ကြစဉ်။

(သတင်းစဉ်)

တပ်ဆင်ပူဇော်

ရတနာငှက်မြတ်နားတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌
ဒါယိကာမများကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကေ
ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချု
ဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်ဆင်ပူဇော်စဉ်။

ပက်ဖျန်းသန့်စင်

ရတနာစိန်ဖူးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တပ်ဆ
ဗိုလ်ချုပ်ကြီးမြတ်ဟိန်း ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊

က်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကျင်းပ

တပ်ဆင်ပူဇော်

ြတ်နားတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ ဘုရားဒါယကာ
စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ
ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ
င်အေး တပ်ဆင်ပူဇော်စဉ်။

(သတင်းစဉ်)

ပရိတ်နံ့သာရည်များပက်ဖျန်းသန့်စင်ပူဇော်

ရတနာစိန်ဖူးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တပ်ဆင်ပူဇော်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းသန့်စင်ပူဇော်စဉ်။

(သတင်းစဉ်)

ပက်ဖျန်းသန့်စင်ပူဇော်

တော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တပ်ဆင်ပူဇော်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ
ဝိန်း ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းသန့်စင် ပူဇော်စဉ်။

(သတင်းစဉ်)

ရတနာစိန်ဖူးတော်အား ဥပ္ပါတသန္တိစေတီတော်အထွတ်၌ တပ်ဆင်ပူဇော်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းတို့ ရေစင်ရေသန့်များ၊ တရော်ကင်ပွန်းရည်များ၊ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းသန့်စင် ပူဇော်ကြစဉ်။

(သတင်းစဉ်)

နှစ်ကျော့စနစ်ဖြင့် ကျင်းပမည့် အဆင့်မြင့်တန်းကွင်းပိတ်ပြိုင်ပွဲ ယနေ့စတင်မည်
ဘဏ္ဍာ/အခွန်-မြို့တော်စည်ပင်၊ စီးပွား/ကူးသန်း-ကာကွယ်ရေးဝန်ကြီးဌာနတို့ ပွဲဦးထွက်ကစားမည်

သတင်းမှတ်စု - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့် စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၈

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ် (ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲကို မတ်၉ရက် (ယနေ့)မှ စတင်၍ ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ ယနေ့စတင်ကျင်းပမည့် ကွင်းပိတ် (ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲကို သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ နှစ်ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပထမအဆင့်

အဆိုပါပြိုင်ပွဲကို အဆင့်မြင့်တန်းမှ အသင်း ၁၄ သင်းစလုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လယ်ယာ/ဆည်မြောင်း အသင်းနှင့် ပြည်ထဲရေးအသင်းတို့မှာ အနိုင်ရကာ ကွာတားဖိုင်နယ်မှ စတင်ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းအပါအဝင် မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ မြန်မာ့မီးရထား၊ ကမ္ဘောဇ၊ Air Bagan၊ စီးပွား/ကူးသန်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ သစ်တောရေးရာ၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး အသင်းတို့မှာ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ ပြီးခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုရခဲ့သည့် စီးပွား/ကူးသန်းအသင်းနှင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းတို့မှာ တစ်ခြမ်းစီ ပါဝင်နေ၍ တွေ့ဆုံလျှင်တောင်မှ ဗိုလ်လုပွဲကျမှသာ တွေ့ဆုံဖွယ်ရှိသည်။ ပုဂ္ဂလိက နှစ်သင်းဖြစ်သည့် Air Bagan F.C နှင့် ကမ္ဘောဇအသင်းတို့မှာ ပထမအဆင့်၌ပင် ထိပ်တိုက်တွေ့ဆုံနေကြပြီး အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံစဉ်က Air Bagan F.C က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကွင်းပိတ်ပြိုင်ပွဲဆိုလျှင် ခြေစွမ်းပြလေ့ရှိသည့် စွမ်းအင်အသင်းမှာလည်း ခြေတက်နေသည့် ဆောက်လုပ်ရေးအသင်းနှင့် ကစားရမည်ဖြစ်ရာ ပွဲမချောင်ဟု ဆိုရမည်ဖြစ်သည်။ အပေါ်ခြမ်းတွင် ပထမအဆင့်ပွဲစဉ်များအဖြစ် ဘဏ္ဍာ/အခွန်နှင့် မြို့တော်စည်ပင်၊ ပို့ဆောင်ရေးနှင့်မြန်မာ့မီးရထား၊ ကမ္ဘောဇနှင့် Air Bagan တို့ တွေ့ဆုံနေကြသည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင် အနိုင်ရသောအသင်းမှာ အနိုင်ရထားသော ပြည်ထဲရေးနှင့် ကွာတားတွင် ကစားရမည်ဖြစ်သည်။ ပို့ဆောင်ရေးနှင့်မြန်မာ့မီးရထား အနိုင်ရသောအသင်းမှာ ကမ္ဘောဇနှင့် Air Bagan F.C အနိုင်ရသူနှင့် ကွာတား ကစားရမည်ဖြစ်သည်။

ကျင်းပမည်

အောက်အခြမ်းတွင် ပထမအဆင့်၌ စီးပွား/ကူးသန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သစ်တောရေးရာ၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးတို့ တွေ့ဆုံနေကြပြီး ကွာတားဖိုင်နယ်တွင် စီးပွား/ကူးသန်း- ကာကွယ်ရေးပွဲမှအနိုင်ရသော အသင်းမှာ ဘိုင်ရထားသော လယ်ယာ/ဆည်မြောင်း အသင်းနှင့်လည်းကောင်း၊ ဆက်သွယ်ရေး-သစ်တောပွဲမှ အနိုင်ရသောအသင်းမှာ စွမ်းအင်-ဆောက်လုပ်ရေးအနိုင်ရသောအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပွဲဦးထွက်ပွဲအဖြစ်မတ်၉ရက်**(ယနေ့)**တွင် အောင်ဆန်းကွင်း၌ ဘဏ္ဍာ/အခွန်နှင့် မြို့တော်စည်ပင်၊ သုဝဏ္ဏကွင်း၌ စီးပွား/ကူးသန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ကစားကြမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မတ်၉ရက်မှ ၁၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပထမအကျော့ ပွဲစဉ်များကို မတ် ၁၆၊၁၇ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၉ရက်၊ ၂၀ရက်၊ အကြိုဗိုလ်လုပွဲ ပထမအကျော့ကို မတ်၂၃ရက်၊ ဒုတိယအကျော့ကို မတ် ၂၆ရက်၊ ဗိုလ်လုပွဲကို မတ်၃၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲမှလွဲ၍ ပထမအဆင့်၊ ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ပထမအကျော့၊ ဒုတိယအကျော့ နှစ်ကျော့စနစ်ဖြင့် အောင်ဆန်းကွင်း၌ တစ်ပွဲ၊ သုဝဏ္ဏကွင်း၌ တစ်ပွဲကစားသွားရမည်ဖြစ်သည်။ နှစ်ကျော့ပေါင်း သရေဖြစ်နေပါက ပယ်နယ်တီဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ၌သရေကျနေပါက အချိန်ပိုကစားရမည်ဖြစ်သည်။

ယခုအဆင့်မြင့်တန်း ကွင်းပိတ်ပြိုင်ပွဲမှာ ပရိုလိဂ်အဖြစ် ပြိုင်ပွဲများ မကျင်းပမီ အပျော်တမ်းစနစ်ဖြင့် ရန်ကုန်မြို့တွင် နောက်ဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး မည်သည့်အသင်း အောင်ပွဲဖြင့် ပိတ်သိမ်းမလဲဆိုတာကိုမူ----။ ။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း။

စီးပွား/ကူးသန်း

ယခုနှစ်ရာသီ မြန်မာလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် စီးပွား/ကူးသန်းအသင်း။

Air Bagan F.C

ခြေစွမ်းပြပြီး အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ပဉ္စမနေရာတွင် ရပ်တည်နိုင်ခဲ့သည့် Air Bagan F.C။

ပထမအဆင့် ရှုံး/ထွက်ပွဲစဉ်များ

ပထမအကျော့

၉-၃-၂၀၀၉	ဘဏ္ဍာ/အခွန်	-	မြို့တော်စည်ပင်	(အောင်ဆန်းကွင်း)
	စီးပွား/ကူးသန်း	-	ကာကွယ်ရေးဝန်ကြီးဌာန	(သုဝဏ္ဏကွင်း)
၁၁-၃-၂၀၀၉	ပို့ဆောင်ရေး	-	မြန်မာ့မီးရထား	(အောင်ဆန်းကွင်း)
	ဆက်သွယ်ရေး	-	သစ်တောရေးရာ	(သုဝဏ္ဏကွင်း)
၁၂-၃-၂၀၀၉	ကမ္ဘောဇ	-	Air Bagan	(အောင်ဆန်းကွင်း)
	စွမ်းအင်	-	ဆောက်လုပ်ရေး	(သုဝဏ္ဏကွင်း)

ဒုတိယအကျော့

၁၃-၃-၂၀၀၉	မြို့တော်စည်ပင်	-	ဘဏ္ဍာ/အခွန်	(သုဝဏ္ဏကွင်း)
	ကာကွယ်ရေးဝန်ကြီးဌာန	-	စီးပွား/ကူးသန်း	(အောင်ဆန်းကွင်း)
၁၄-၃-၂၀၀၉	မြန်မာ့မီးရထား	-	ပို့ဆောင်ရေး	(သုဝဏ္ဏကွင်း)
	သစ်တောရေးရာ	-	ဆက်သွယ်ရေး	(အောင်ဆန်းကွင်း)
၁၅-၃-၂၀၀၉	Air Bagan	-	ကမ္ဘောဇ	(သုဝဏ္ဏကွင်း)
	ဆောက်လုပ်ရေး	-	စွမ်းအင်	(အောင်ဆန်းကွင်း)

(မြန်မာ့အလင်း)

တပ်မတော် ဘောလုံးနည်းပြ ဆရာများအား အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

၂၀၀၉ခုနှစ် ပဉ္စမအကြိမ်မြောက် တပ်မတော် ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲနှင့် ဘောလုံးသမားဟောင်းကြီးများ မိတ်ဆုံတွေ့ဆုံပွဲကို လာမည့် ဧပြီ ၁၅ရက် နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော်ဘောလုံးသမားဟောင်းကြီးများအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

လှူဒါန်းပူဇော်လိုသူများသည် ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၈၀-၃၀၂၉၀၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၆၂၅၂၀၀(ရဲမွန်)၊ ဗိုလ်ကြီးတင်ကိုကိုမောင် ဖုန်း-၀၉-၅၁-၈၅၄၆၁၊ အရာခံဗိုလ်အေးကြူ ဖုန်း-၀၉-၂၀-၂၈၈၀၅၊ (အိမ်)ဖုန်း-၀၁-၆၃၅၁၆၁၊ ဗိုလ်ကျော်လွင် ဖုန်း-၀၉-၅၀-၅၁၅၄၀၊ မင်္ဂလာဒုံဘောလုံးကွင်း တပ်မတော် (ဒိုင်လူကြီးအဖွဲ့) ဖုန်း-၀၁-၆၃၅၆၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် မတ် ၈

မြန်မာပီဂျီအေမှုကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် Air Bagan Ltd. ကအဓိကကူညီပံ့ပိုးသော Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ်၁၂ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည်

အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံတကာမှ Professional Golfers များ၊ မြန်မာ Professional Golfers များနှင့် မြန်မာ Amateurs ခြောက်ဦး စုစုပေါင်း ၈၀ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၆၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲ၏ Main Sponsor အဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးပြီး Co-sponsor များအဖြစ် International Beverages Trading Co.,Ltd, KBZ Bank, Pun Hlaing Golf Club, Aureum Palace Hotel, Myanmar Treasure Resort Hotel, CEPSA, KM Golf Centre, Srixon, Alpine Purified Drinking Water တို့ကပံ့ပိုးကူညီကြကာ ပြိုင်ပွဲကို အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်အဆောက်အအုံ တည်ဆောက်မည် လုပ်ငန်းများ အချိန်မီပြီးစီးရေး မူဆယ်တွင် ကွင်းဆင်းဆောင်ရွက်

မူဆယ် မတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ကွတ်ခိုင်မြို့နယ်ရုံးမှ ဒေါ်ခင်ဆွေဝင်း (ရပ်/သံ ကျွမ်းကျင်-၃)၊ ဦးပီတာဖော်ဒိန်း (ဓာတ်ပုံကျွမ်းကျင်-၂)တို့သည် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁နာရီက မန်ဘန်ကျေးရွာ ပညာအလင်း စာကြည့်တိုက်ကို စံ(၅)ချက်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရပ်မိရပ်ဖများနှင့် စာကြည့်တိုက်ကော်မတီတို့ကို တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိသည် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲပိုင်းတွင် ကွတ်ခိုင်မြို့နယ်ရုံးဝန်ထမ်းများနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ရက်က တာမိုးညဲမြို့ရုံးဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက် အဆောက်အအုံများ ဓာတ်ပုံ မှတ်တမ်းတင်ရေးနှင့် စာကြည့်တိုက်တည်နေရာပြမြေပုံ (Location) တို့ကို အချိန်မီပြီးစီးတင်ပြနိုင်ရေး ဆွေးနွေးခဲ့သည်။

အလားတူပင် ခရိုင်ဦးစီးအရာရှိသည် မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ မုံးကိုးမြို့၊ မန့်ဟီးရိုးမြို့ ဦးစီးမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပြီးစီးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် မတ် ၈

မြင်းခြံဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၂၂ရက်က ဦးရွှေမောင်ထွန်း(နဝရတ်ပွဲရုံ)သည် ကစားဖော်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)၊ ဦးအောင်ခိုင်(ကုန်သည်)၊ ဦးမင်းဆွေ(စိန်ငွေးမော်ဆိုင်ကယ်)၊ ဦးညီထွေး(ကုန်သည်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၅)၌ ၁၃၃ကိုက်အကွာမှ Srixon Soft Feel No.2 ဘောလုံးကို F/W Titlest 822/os တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ချယ်လ်ဆီးနဲ့ လီဗာပူးကိုသာ စိတ်ချလက်ချ အားပေးလိုက်ကြရအောင်

ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲအကြို - ထွန်းထွန်းဦး(လှိုင်)

စာမျက်နှာပွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၈

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များရဲ့ ဒုတိယအကျော့ ပြိုင်ပွဲများကို မတ် ၁၀ရက်နဲ့ ၁၁ရက်တို့မှာ ပြန်လည်ကစားကြမှာဖြစ်ပါတယ်။ ဒုတိယအကျော့မှာ ကစားမယ့်ပွဲစဉ်တွေထဲမှာ ဂျာမနီကလပ်ဖြစ်တဲ့ ဘိုင်ယန်မြူးနစ်ကလွဲရင် ကျန်အသင်းတွေ အားလုံးနီးပါးဟာ နောက်တစ်ဆင့်တက်ဖို့ကို ဒုတိယအကျော့ပွဲစဉ်တွေမှာ ရုန်းကန် ကစားကြရဦးမှာ ဖြစ်ပါတယ်။ မတ် ၁၀ရက်မှာ ကစားမယ့် ပွဲစဉ်တွေထဲမှာ ဂျူဗင်းတပ်စ်-ချယ်လ်ဆီး၊ လီဗာပူး-ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်-စပို့တင်း၊ ပါနာသီနာကော့စ်-ဗီလာရီးယဲလ် ပွဲစဉ်တွေပါဝင်နေပြီး ဘယ်အသင်းတွေ အခြေမလှဖြစ်ပြီး ကျန်ရစ်နေခဲ့မလဲဆိုတာ စောင့်ကြည့်ဖို့ ကောင်းနေပါတယ်။

ဂျူဗင်းတပ်စ်-ချယ်လ်ဆီး

ဒီနှစ်သင်းဟာ ပထမအကျော့ ကစားရစဉ်မှာ တစ်ဖက်နဲ့ တစ်ဖက် အကြိတ်အနယ်ရှိခဲ့တယ်။ ဒါပေမယ့် ချယ်လ်ဆီးက ဒရော့ဘာရဲ့ဂိုးနဲ့ ဂျူဗင်းတပ်စ်ကို အနိုင်ရသွားတယ်။ ပထမ အကျော့မှာ ၁-၀နဲ့နိုင်ထားတဲ့ ချယ်လ်ဆီးဟာ ဂျူဗင်းတပ်စ်မြေပေါ်မှာ ကစားရဖို့ရှိနေတော့ နိုင်ထားတဲ့အနိုင်ကို ပြန်မပါသွားအောင်ထိန်းဖို့ လုပ်နိုင်ပါ့မလား။



ချယ်လ်ဆီးအသင်း၌ အားထားရသော တိုက်စစ်မှူးဒရော့ဘာ။

အီတလီ ဂျူဗင်းတပ်စ်ရဲ့တိုက်စစ်ကလဲ မာပြီးထိုးဖောက်မှု အားကောင်းတယ်။ အသက်အရွယ်ရလာတဲ့ ကစားသမားတွေနဲ့ ဂျူဗင်းတပ်ဟာ အိမ်ကွင်းမှာချယ်လ်ဆီးကို တရစပ်ဖိအားပေးမှာပါ။ ချယ်လ်ဆီးဟာ အုပ်စုအဆင့်ဖြတ်သန်းတုန်းက အဝေးကွင်းမှာ ရိုးမားကို ရှုံးနိမ့်ထားဖူးတယ်။ ဒါကြောင့် ဂျူဗင်းတပ်စ်လိုအသင်းကို ခံစစ်သက်သက်နဲ့ ပွဲထွက်ရမှာပါ။ ပထမအကျော့ကလို ၄-၃-၃ အခင်းအကျင်းနဲ့ ပွဲထွက်ဖို့ထက် ခံစစ်ဦးစားပေးကစားရမှာပါ။ တန်ပြန်တိုက်စစ်ကို ထိရောက်မှုရှိအောင်လို့ လုပ်ယူရမှာပါ။ ဒါမှသာ ချယ်လ်ဆီးအတွက် အဆင်ပြေမှာပါ။ တစ်ချက်ရှိတာက အားထားရတဲ့သူတွေထဲက တချို့ဟာ ဒဏ်ရာကြောင့်မပါလာနိုင်ခဲ့ရင် အခက်တွေ့နိုင်တာချယ်လ်ဆီးပါ။ ဂျူဗင်းတပ်စ်မှာတော့ ကာမိုရာနီစီ ပါလာဖို့ မသေချာလို့ ချယ်လ်ဆီးအတွက် တောင်ပံ တိုက်စစ်တစ်ဖက် ထိန်းချုပ်ရတာ သက်သာသွားပါပြီ။ နှစ်ဖက်ဂိုးသမားတွေကလည်း လတ်တလောမှာ လက်စွမ်းထက်နေကျတော့ တိုက်စစ်မှူးတွေအနေနဲ့ မတိကျဘဲဂိုးသွင်းခဲ့မယ်ဆိုရင် ဂိုးတစ်လုံးဖြစ်လာဖို့ ခက်ခဲသွားပါပြီ။ ပြီးတော့ ကွင်းလယ်ကစားအားပြိုင်ရမယ့် ပွဲလိုဖြစ်နေတော့ ချယ်လ်ဆီးနည်းပြဟစ်ဒင့်နဲ့ ဂျူဗင်းတပ်စ်နည်းပြ ရေနီယာရီတို့ ဉာဏ်ကစားရမယ့်ပွဲလို့ ပြောရပါလိမ့်မယ်။ ချယ်လ်ဆီးမှာ ဂျိုကိုးလ်မပါလာပေမယ့် ရှိသေးတဲ့ကစားသမားတွေက အသင်းအပေါ်မှာ အကောင်းဆုံးပံ့ပိုးပေးနိုင်လို့ သိပ်ပြဿနာ မရှိလှပါဘူး။ ဂျူဗင်းတပ်စ်မြေပေါ်မှာ တစ်ခါမှလာရောက်ကစားဖူးခြင်းမရှိသေးတဲ့ ချယ်လ်ဆီးကတော့ မနှစ်ကချန်ပီယံလိဂ်မှာ ဖိုင်နယ်ရောက်အောင် တက်လှမ်းခဲ့တဲ့ အသင်းပီပီ ဒီအဆင့်မှာလဲ အခက်အခဲတွေကြားထဲက အနိမ့်ဆုံး သရေလောက်ရဖို့ ထိန်းချုပ်ကစားသွားဖွယ်ရှိနေပါတယ်။ ဒါကလဲ စနစ်တွေကို နိုင်နင်းစွာနဲ့ ကိုင်တွယ်တတ်တဲ့ ဟစ်ဒင့်ကြောင့်ပါလို့ ဆိုရပါလိမ့်မယ်။ ဟစ်ဒင့်ဟာ လေးလတာကာလအတွင်းမှာ သူ့သိက္ခာအတွက်သာမက ချယ်လ်ဆီးအတွက်ပါ အကောင်းဆုံးပေးဆပ်ရင်း ချယ်လ်ဆီးကလပ်ရဲ့ သမိုင်းစာမျက်နှာမှာ နေရာတစ်ခုထိ ယူဖို့လုပ်မှာဖြစ်လို့ပါပဲ။ ဂျူဗင်းတပ်စ်ကတော့ ဖိအားတွေနဲ့ လုံးပန်းနေရတဲ့အပြင် ကြားပွဲတွေလဲ ဆက်တိုက်ကစားရတော့ အသက်ပိုင်းမှာ စကားပြောလာတဲ့ ကစားသမားတွေဟာ အသင်းအပေါ်ကြွခိုင်မှုအပြည့်နဲ့ မပေးဆပ်နိုင်ရင် ချယ်လ်ဆီးရဲ့လုပ်သမျှ ခံရမှာလဲ ရှိနေသေးတယ်။ ဒါကြောင့် ကစားအားမာပြီးအကြမ်းခံတဲ့ ချယ်လ်ဆီးပဲ ရွေးလိုက်ရတာပါ။

လီဗာပူး - ရီးယဲလ်မက်ဒရစ်

လီဗာပူးတို့အတွက် တစ်ချက်ကံကောင်းသွားတာက အစွယ်ကြီးကြီး ထုတ်ပြတတ်တဲ့ ရီးယဲလ်လိုအသင်းကို အဝေးကွင်းမှာ ၀-၁ နဲ့အနိုင်ရလိုက်တာပါ။ နောက်တစ်ဆင့်တက်ရန် ခြေတစ်လှမ်းပြင်ဆင်ဖို့ အခွင့်သာသွားခဲ့တဲ့ လီဗာပူးကိုတော့ ဒုတိယအကျော့မှာ ရီးယဲလ်အဖို့ ဖောင်ဖျက်တိုက်ပွဲဝင်ရပြီလို့ ဆိုရပါလိမ့်မယ်။ ရီးယဲလ်ဟာ သူတို့ရဲ့သိက္ခာအတွက် အခုပွဲစဉ်ကို ကစားမှာဆိုတော့ အင်္ဂလန်မြေပေါ်မှာ အင်္ဂလန်အတွေ့အကြုံရှိတဲ့ ရော်ဘင်၊ ဟိန့်ဇ်နဲ့ ရာအူးလ်တို့ ပြန်ပါလာကြဦးမှာပါပဲ။ ဒါပေမယ့် ကစားသမားတွေအနေနဲ့ ကွဲပြားခြားနားနေတဲ့ ပရီမီယာလိဂ်မြေပေါ်က ကစားဟန်ကို အသိနောက်ကျတဲ့အတွက် ပထမအကျော့မှာ ရှုံးခဲ့ရပြီးတာတောင် အခုအင်္ဂလန်လာပြီး ရင်ဆိုင်ဖို့ဖြစ်လာတော့ လီဗာပူးရဲ့ဒုက္ခပေးမှုကို ဆက်ခံရနိုင်ပါသေးတယ်။ လီဗာပူးမှာလည်း စပိန်က ထွက်လာတဲ့ ကစားသမားတွေအများကြီးပါ။ စပိန်ကစားသမားထဲမှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် ရီရာတစ်ယောက် အခုပွဲမှာပါဝင်ကစားခွင့်နဲ့ လွဲချော်ခဲ့ရပေမယ့် ကျန်တဲ့ကစားသမားတွေထဲက အလွန်ဆို၊ အာဘီလိုအာတို့ ရှိနေသေးတယ်။ ဂိုးသမားရေးနာဆိုရင်လည်းပဲ စပိန်လက်ရွေးစင်ဂိုးသမားတစ်ယောက်ပါ။ ရီးယဲလ်နဲ့လည်း ဆုံထားဖူးတဲ့ အတွေ့အကြုံကောင်းတွေကလည်းရှိနေတော့ အဝေးကွင်းမှာ လာကစားရမယ့် ရီးယဲလ်အနေနဲ့ လီဗာပူးကို တရစပ်တိုက်စစ်ဆင်ရင် တစ်ချက်တော့ သတိထားရမယ်။ ဘာကြောင့်လဲဆိုရင် လီဗာပူးကွင်းလယ်ကစားအားကိုပါပဲ။ တစ်ပွဲထိုးမောင်းနှင်အားကောင်းပြီး လုပ်ရည်ကိုင်ရည်ပါးနပ်တဲ့ အသင်းတစ်သင်းဖြစ်နေတဲ့ လီဗာပူးဟာ ရီးယဲလ်ကို နည်းပြဘင်နီတက်ဇ်ချထားပေးတဲ့ ဟန်ပန်အတိုင်းကစားရင်း ပရိသတ်တွေစိတ်ချမ်းသာအောင် လုပ်ကြမှာလဲရှိနေသေးတယ်။ ဒါကြောင့် ဂျရတ်တို့လူစု ပြန်ပါလာမယ့်လီဗာပူးဟာ ရီးယဲလ်လိုအသင်းကို မယှဉ်နိုင်စရာ ဘာအကြောင်းမှမရှိပါဘူး။ သေချာယှဉ်ပြိုင် ကစားပြီး နောက်ထပ်တစ်ခါ ရီးယဲလ် အပေါ်မှာ အသာစီးယူမှုတွေနဲ့ ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ရာမို့စ်ထက် ဘင်နီတက်ဇ်ရဲ့ လီဗာပူးကိုပဲ အားပေးကြရမှာပါ။

ပါနာသီနာကော့စ် - ဗီလာရီးယဲလ်

ဂရိကလပ် ပါနာသီနာကော့စ်မြေပေါ်မှာ စပိန်ကလပ်အသင်းတစ်သင်းအနေနဲ့ ပြိုင်ဘက်ကို အခက်တွေ့အောင်လုပ်ဖို့ဆိုတာ လွယ်ပါ့မလား။ စပိန်ကလပ် ဗီလာရီးယဲလ်မှာ ကစားသမားကောင်းတွေ ရှိကြပေမယ့် ဂရိအသင်းရဲ့ အိမ်ကွင်းထိုးဖောက်အားကို ကျော်ဖြတ်နိုင်ပါ့မလား။ ဗီလာရီးယဲလ်တိုက်စစ်မှူးရော့စီ အနေနဲ့ ခြေမပေါ်ရင် ပါနာသီနာကော့စ်ရဲ့ ခံစစ်ကြောင်းကိုဖြတ်ကျော်ဖို့ ခက်နေနိုင်ပါတယ်။ ကာရာဂူးနစ်၊ ဆေးလ်ဗားနဲ့ နယ်လ်ဆင်တို့ရှိနေတဲ့ ကွင်းလယ်အားဟာ ဆန်နာ၊ ပီးရက်စ်တို့ပါတဲ့ ဗီလာရီးယဲလ်ရဲ့ ကွင်းလယ်ကစားအားထက် ကောင်းပါတယ်။ ဒါကြောင့် ပါနာသီနာကော့စ်မှာ ခံစစ်မှူးကူးမက်စ်မပါပေမယ့်လဲ ကျန်တဲ့သူတွေနဲ့ ခရီးဆက်လို့ရနေတာကြောင့် ဗီလာရီးယဲလ်ကို ဒီပွဲမှာအနိမ့်ဆုံး ခြေရည်တူကစားပြီး အိမ်ကွင်းအားသာချက်တွေနဲ့ ဖိအားပေးကာ ၁-၀ လောက်နဲ့ အနိုင်ယူပြဖို့သေချာနေတဲ့ပွဲပါ။ ပါနာသီနာကော့စ်ကိုပဲ နှစ်ခြိုက်ကျမိပါတယ်။

ဘိုင်ယန်မြူးနစ် - စပို့တင်း

ရီးယဲလ်မက်ဒရစ်နှင့် လီဗာပူးတို့ပွဲ၌ လီဗာပူး တိုက်စစ်မှူး တောရက်စ် ဂိုးသွင်းရန် ကြိုးစားစဉ်။

ဘိုင်ယန်မြူးနစ်ကတော့ ပထမအကျော့မှာ ဂိုးပြတ် ၀-၅ နဲ့ ပြိုင်ဘက်ဖြစ်တဲ့ စပို့တင်းလိုအသင်းမျိုးကို အသာစီးနဲ့ယူပြလိုက်တော့ ဒုတိယအကျော့ ကစားရမယ့်ပွဲစဉ်ဟာ အရေးမပါတော့ဘူးဖြစ်သွားတယ်။ အရန်လူတွေနဲ့ပွဲထွက်လာဖို့ ရှိနေတဲ့ ဘိုင်ယန်ဟာ အဓိကကစားသမားတွေကို အနားပေးထားကြမှာပါ။ ဒါကြောင့်လည်း စပို့တင်းတို့အတွက် အခွင့်အရေး ရနိုင်ပါတယ်။ ဂိုးရဖို့တော့ ဘိုင်ယန်နောက်တန်းကို ခပ်မာမာ ထိုးဖောက်ရမယ့် စပို့တင်းဟာ အသာရဖို့တော့ မရှိပါဘူး။ အခွင့်အရေးတချို့ရတာတောင် စပို့တင်းကစားသမားတွေအနေနဲ့ စိတ်ဓာတ်ကျပြီးအားမထည့်ဘဲကစားရင် အခုပွဲဟာ ဘိုင်ယန်အတွက် နောက်ထပ် နိုင်ပွဲတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။ ။

(မြန်မာ့အလင်း)

အာဆင်နယ်တို့ အိမ်ကွင်း၌ သုံးဂိုးပြတ်နိုင်ပွဲရ မန်ယူတို့ ဂိုးပြတ်နိုင်ပြီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ရောက်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြသည်

လန်ဒန် မတ် ၈

အက်ဖ်အေဖလား ပဉ္စမအဆင့် ပွဲကျန်အဖြစ် အာဆင်နယ် နှင့်ဘန်လေတို့ မတ် ၈ရက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က သုံးဂိုးပြတ် အနိုင်ရရှိခဲ့ပါတယ်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ၂၅မိနစ်မှာ ဗီလာက သွင်းယူပေးပြီး ဒုတိယဂိုးကို ၅၁မိနစ်မှာ အီကွာဒိုနဲ့ ၈၃မိနစ်မှာ အီဘူးတို့ သွင်းယူပေးသဖြင့် အာဆင်နယ်တို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ယခုပွဲ၌ ဘန်လေဂိုးသမား ဘာဘီအင်စာကီ လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုကြောင့် အာဆင်နယ်တို့ သုံးဂိုးသာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဖူလ်ဟမ်နဲ့ မန်ယူတို့ မတ် ၇ရက်က ယှဉ်ပြိုင်ကစားရာမန်ယူက လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်ပါတယ်။

(၂၆)ကြိမ်မြောက်

အခုအကြိမ် အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲကို မန်ယူတို့ တက်ရောက်နိုင်ခြင်းဟာ အက်ဖ်အေဖလားသမိုင်းမှာ နောက်ဆုံး လေးသင်းအဆင့်ကို မန်ယူတို့ (၂၆)ကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်တယ်။

တက်ရောက်

မန်ယူဟာ အက်ဖ်အေ ဖလားကို (၁၁)ကြိမ် ဆွတ်ခူးရရှိခဲ့တဲ့ မှတ်တမ်းရှိတာမို့ ဒီနှစ်အက်ဖ်အေဖလားကို ရယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။ အခုတော့ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဖူလ်ဟမ်ကွင်းမှာ လေးဂိုးပြတ် သွင်းပြီး အကြိုဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်သွားခဲ့ခြင်းဖြစ်ပါတယ်။

အက်ဖ်အေဖလားပဉ္စမအဆင့် ပွဲကျန်အဖြစ် အာဆင်နယ်နှင့် ဘန်လေတို့ပွဲတွင် အာဆင်နယ်မှ ဗီလာ(ယာ)ဤသို့ ဂိုးသွင်းယူခဲ့သည်။

နိုင်ပွဲရရှိ

ဒီပွဲမှာမန်ယူတိုက်စစ်မှူး တီဗက်ဇ်က မိနစ်၂၀နဲ့ ၃၅ မိနစ်တွေမှာ တစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သလို မိနစ် ၅၀မှာရွန်နေနဲ့ ၈၁မိနစ်မှာ ပတ်ဂျီဆန်တို့က တစ်ဂိုးစီ ဆက်တိုက်သွင်းယူပေးခဲ့လို့ မန်ယူတို့လေးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့တာပါပဲ။ ဒီပွဲအပြီးမှာ နည်းပြ ဖာဂူဆန်က "မန်ယူအသင်းရဲ့ ခြေစွမ်းက အက်ဖ်အေဖလားရယူနိုင်တဲ့ အနေအထားရှိတယ်ဆိုတာ ပြသနိုင်ခဲ့ပါတယ်။ ကျွန်တော့် ကစားသမားတွေ ရတဲ့အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်ခဲ့တာမို့ အခုလို နိုင်ပွဲရရှိခဲ့တာပါ"လို့ ပြောကြားခဲ့တယ်။

ထုတ်ဖော်ပြောကြား

ဒီပွဲမှာမန်ယူတို့နိုင်ပွဲရရှိခဲ့ပေမယ့် နောက်တန်းခံစစ်မှူး ဖာဒီနန်ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့လို့ မတ် ၁၁ရက်မှာ အိုးထရက်ဖို့ဒ်ကွင်းမှာ ချန်ပီယံလိဂ် ရှုံးထွက်ပွဲစဉ် ဒုတိယအကျော့ အင်တာမီလန်နဲ့ပွဲမှာ ပါဝင်မကစားနိုင်တော့ဘူးလို့ ဖာဂူဆန်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒါပေမယ့် ဖာဒီနန်ရဲ့ ဒဏ်ရာအခြေအနေ သိပ်မဆိုးရွားတဲ့အတွက် ရက်ပိုင်းနဲ့ မြန်မြန်ပြန်ကောင်းနိုင်တဲ့ အခြေအနေ ရှိပါတယ်လို့ လက်ထောက်နည်းပြ မိုက်ဖီလန်က ပြောကြားနေပါတယ်။ တကယ်လို့ ဖာဒီနန် မကစားနိုင်ဘူးဆိုရင် အီဗန် နဲ့ အစားထိုးကစားသွားမယ်လို့ ဖာဂူဆန်က ဆိုနေပြန်ပါတယ်။

ပါဝင်ကစားနိုင်ဖွယ်မရှိ

ဒါ့အပြင် ဂျွန်အိုရှေးလည်း တံကောက်ကြော ဒဏ်ရာ ရရှိနေတဲ့အတွက် ချန်ပီယံလိဂ်ပွဲစဉ်မှာ ပါဝင်နိုင်ဖွယ်မရှိပါဘူး။ ဒီလိုပါပဲ အင်တာမီလန်မှာလည်း ပြီးခဲ့တဲ့ စီးရီးအေပွဲစဉ်အဖြစ် ဂျီနိုအာနဲ့ ကစားတဲ့ပွဲမှာ နောက်ခံလူ မာတာရာဇီနဲ့ နီကိုလပ်စ်ဘူဒီဆိုတို့ ဒဏ်ရာကိုယ်စီရခဲ့လို့ ပါဝင်ကစားနိုင်ဖွယ်မရှိပါဘူး။

နောက်ပြီး အင်တာမီလန်မှာချီဗူးနဲ့ ဆင်မြူရယ်တို့လည်း ခြေထောက်ဒဏ်ရာတွေရရှိထားတာမို့ မကစားနိုင်တဲ့အတွက် နည်းပြမော်ရင်ဟို ဗျာများနေရပါကြောင်း။ ။

(အင်တာနက်)

ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ၌ နာဒယ်နိုင်ပွဲရရှိ

လန်ဒန် မတ် ၈

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲတွင် စပိန်အသင်းက ဆားဘီးယားအသင်းကို ၂-၁ ဖြင့်အနိုင်ရရှိခဲ့သကဲ့သို့ ရာဖေးလ်နာဒယ်ကလည်း ပြိုင်ဘက် ဂျန်ကိုတစ်ပ်ဆာအီဗစ်အား အပြတ်အသတ် အနိုင်ရရှိလိုက်ခြင်းဖြင့် ၎င်း၏ဒဏ်ရာအတွက် စိုးရိမ်ပူပန်မှုနှင့် မုန်တိုင်းထန်သော ရာသီဉတုကို ၎င်း၏နောက်တွင် ချန်ထားရစ်ခဲ့ပြီဖြစ်သည်။

အနိုင်ရရှိ

ဒေးဗစ်ဖရဲရားသည် ပြိုင်ဘက် ဒီဂျိုကိုဗစ်အား ထိပ်တန်းလက်ရည်ဖြစ် သည့် ၆-၃၊ ၆-၃၊ ၇-၆(၇-၄)ဖြင့် အနိုင်ရခဲ့ပြီးနောက် နာဒယ်ကလည်း ပြိုင်ဘက် တစ်ပ်ဆာအီဗစ်အား ၆-၁၊ ၆-၀၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့သည်။

(အင်တာနက်)



ချစ်စိုးနိုင် စုစည်းသည်

ချယ်လ်ဆီးခံစစ်မှူးဖယ်ရဲရား ရာသီကုန်အထိ နားရတော့မည်

လန်ဒန် မတ် ၈

ချယ်လ်ဆီးခံစစ်မှူး ဖယ်ရဲရားသည် ဒူးအရွတ်ဒဏ်ရာရရှိခဲ့ပြီးနောက် လက်ရှိဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ဒဏ်ရာရရှိ

ပေါ်တူဂီလက်ရွေးစင် ကစားသမားဖယ်ရဲရားသည် ချယ်လ်ဆီး၌ ယခုရာသီတွင် ဂျိုကိုးလ်နှင့်အက်ဆီယန်တို့ပြီးလျှင် ဒူးဒဏ်ရာရရှိသည့် တတိယမြောက် ကစားသမားဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း ရှာရာပိုဗာ အိန္ဒိယတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်

လန်ဒန် မတ် ၈

ယခင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း မာရီယာရှာရာပိုဗာသည် လာမည့် သီတင်းပတ်တွင် အိန္ဒိယ၌ကျင်းပမည့် တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

အသက် ၂၁နှစ်ရှိ ရုရှားနိုင်ငံသူ ရှာရာပိုဗာသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဩဂုတ်လတွင် လွန်ခဲ့သောနှစ်နှစ်ကျော်က ရရှိခဲ့ဖူးသည့် ပခုံးဒဏ်ရာပြန်လည်ဖြစ်ပွားခဲ့ကတည်းက တင်းနစ်ကစားခြင်းမှ အနားယူနေခဲ့ရသူဖြစ်သည်။ (အင်တာနက်)

အဲဗာတန်မှ မိုယက်စ်နှင့် ဂျာဂီလ်ကာ နည်းပြနှင့်ကစားသမားဆုများ ရရှိ

လန်ဒန် မတ် ၈

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်နှင့် ကစားသမား ဖီးလ်ဂျာဂီလ်ကာတို့သည် ဖေဖော်ဝါရီလအတွက် နည်းပြနှင့်ကစားသမားဆုများကို အသီးသီးရရှိခဲ့ကြသည်။

ပါဝင်ခြေစွမ်းပြ

နည်းပြမိုယက်စ်သည် ဖေဖော်ဝါရီလအတွင်းက အိမ်ကွင်း၌ဘော်လ်တန်နှင့် ဝက်စ်ဘရွန်းတို့ကို အနိုင်ရကာ နယူးကာဆယ်နှင့်သရေကျအောင် အဲဗာတန်အသင်းအား ကိုင်တွယ်နည်းပြနိုင်ခဲ့သည်။ ခံစစ်မှူး ဂျာဂီလ်ကာသည် ဖော်ပြပါပွဲစဉ်သုံးခုတွင် ခြေစွမ်းပြနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့်လက အင်္ဂလန်က စပိန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချစ်ကြည်ရေးပွဲစဉ်တွင် အင်္ဂလန်လက်ရွေးစင်အသင်း၌ ပထမဦးဆုံး ပါဝင်ခြေစွမ်းပြ ကစားနိုင်ခဲ့သည်။

(အင်တာနက်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ဘူတာရုံဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဖေဖော်ဝါရီ၂၆ရက်နံနက်ပိုင်းတွင် နည်းပညာ တက္ကသိုလ်အနီး ဘူတာရုံဆောက်လုပ်မည့်နေရာနှင့် နည်းပညာတက္ကသိုလ် ဘူတာရုံမှ မြို့မဘူတာရုံ ဆောက်လုပ်မည့် ရထားလမ်းတစ်လျှောက် မြေဖို့၊ မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တံတားထိုးမည့် နေရာများနှင့် ဘူတာရုံဆောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းမှူးသည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘုရားဒါယကာ၊ဒါယိကာမများ ကိုယ်စား ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ရွှေကြာသင်္ကန်းတော်အား စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်တွင် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ပြန်လည်ပို့ဆောင်

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားပြီး **'ဒေဝဂမနဝေလာ'** နတ်ပို့ဂါထာ ဖတ်ကြား၍ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

အောင်မြင်စွာကျင်းပပြီးစီး

ထို့နောက် ဆရာတော် သံဃာတော်များဦးဆောင်၍ ပရိသတ်များက **'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'** သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး မင်္ဂလာငွေခရုနှင့် အောင်စည်အောင်မောင်းကိုးချက် တီးခတ်ပူဇော်ကြကာ ဒုတိယနေ့ မဟာမင်္ဂလာ အခမ်းအနား နံနက်၉နာရီ မိနစ်၄၀တွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

သီကျူးတီးခတ်

ယင်းနောက် ဒုတိယနေ့ မဟာမင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က မင်္ဂလာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာရွှေစောင်းတော်အဖွဲ့က **'အောင်စေ၊ ပိုင်စေ'** မင်္ဂလာဓမ္မတေးဖြင့် သီကျူးတီးခတ် ပူဇော်ကြသည်။

စည်ကားသိုက်မြိုက်

မတ် ၉ရက် (၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၁၄ရက်) တနင်္လာနေ့တွင် မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဆရာအတတ်ပညာဒီပလိုမာ အပ်နှင်းခြင်းအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် သတ္တမအကြိမ် ဆရာအတတ်ပညာဒီပလိုမာ အပ်နှင်းခြင်းအခမ်းအနားကို မတ် ၆ရက် နံနက် ၉နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးစိုးဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဘွဲ့လက်မှတ်များအပ်နှင်း

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ဘွဲ့လက်မှတ်များကို အပ်နှင်းသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက ဆရာအတတ်ပညာ ဒီပလိုမာရရှိသူများအား ဒီပလိုမာအပ်နှင်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တက္ကသိုလ်ကောင်စီဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

9-3 (12).pmd 1 3/9/2009, 2:09 AM

ဖခင်အမည်မှန်

ကမာရွတ်၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ဘီ)မှ မဂျယ်မီမဒေါ်လှဲ့စုံ၏ ဖခင်အမည်မှန်မှာ ဦးထောင်မှုန်း ဖြစ်ပါသည်။ **ဦးထောင်မှုန်း ၅/ကလထ(နိုင်)၀၀၉၁၆၄။**







လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့၊ စကြာမင်း အရိုးကျိုးပေါင်းရောဂါ အထူးကုဆေးခန်းနှင့် ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ စာရေးဆရာ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ဆရာမြင့်အား ၈-၂-၂၀၀၉ ရက်တွင် India နိုင်ငံ Kolkata မြို့၌ ကျင်းပပြုလုပ်သော 32nd Annual International Oriental Heritage Conference and Convocation တက်ရောက်၍ Indigenous and Spondylosis ဖြင့် Indian Institute of Oriental Heritag မှ Hony (Ph.D) (Ayurvedic Medicines) ပါရဂူဒေါက်တာဘွဲ့နှင့် ၄င်း Conference တွင် Astrological Research Project မှ ရွေးချယ်ပေးအပ်သော Mother Teresa Award ဆုတံဆိပ်၊ (Gold Medal) ရွှေတံဆိပ်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ဦးချိန်တီဆေးတိုက်နှင့်
ရွှေတောင်ကြီး ပရဆေးမှုန့်ရောင်းဝယ်ရေး။

မုံလည်သကြ်န်တရားစခန်းပွဲ

ပဲခူး(၁၀)မိုင်ကုန်း မုံလည်တောရဓမ္မရိပ်သာ အမှတ်(၁)တိုက်ခွဲ၏ သင်္ကြန်ခုနစ်ရက် တရားစခန်းကို "၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၄ရက်မှ ၁၀ရက်အထိ၊ ၁၃-၄-၂၀၀၉ ရက်မှ ၁၉-၄-၂၀၀၉ရက်အထိ" ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မုံလည်တောရဆရာတော်ကြီး ကိုယ်တိုင်ကြွရောက်၍ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ပါသည်။

ယောဂီဦးရေကန့်သတ်ထားပါသည်။ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်များ လက်မခံပါ။ တရားစခန်းပွဲနှင့် ပတ်သက်၍ ဖုန်း-၀၁-၂၄၇၅၇၆၊ ၀၁-၂၅၂၅၈၈၊ ၀၅၂-၂၁၀၆၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အကျိုးဆောင်အဖွဲ့။**

ရောင်းမည်

အိမ်နှင့်ခြံ ပေ ၄၀ × ၆၀၊ မီတာတပ်ဆင်ပြီး၊ အမှတ် ၂၉၄၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ငွေကျပ် ၅၅ သိန်း။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀-၁၅၄၉၄။

ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန်　မတ်　၈

ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)တွင် အောင်မြင်ကြသော သင်တန်းသား၊ သင်တန်းသူများ ဘွဲ့နှင်းသဘင် အခမ်းအနားကို ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၈နာရီခွဲတွင် ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်က သင်တန်းသား သင်တန်းသူ၄၅ဦးတို့အား ဘွဲ့အပ်နှင်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆယ်အိမ်စု သွေးလွန်တုပ်ကွေး ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်း စေတနာ့ဝန်ထမ်း မြို့နယ်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မတ်၇ရက်က ဒေါပုံမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင် အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ခွဲစိတ်ဆရာဝန်အသင်းသို့ Dr.Reddy's ဆေးကုမ္ပဏီမှ အလှူငွေပေးအပ်

ရန်ကုန်　မတ်　၈

အိန္ဒိယသမ္မတနိုင်ငံ အခြေစိုက် ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်သော Dr.Reddy's Laboratories မှ မြန်မာနိုင်ငံ ခွဲစိတ်ဆရာဝန်များအသင်းအား အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက်က ရန်ကုန်မြို့ Park Royal Hotel၌ ကျင်းပရာ ခွဲစိတ်ဆရာဝန်ကြီးများနှင့် Dr.Reddy's ဆေးကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါဆေးကုမ္ပဏီမှ မြန်မာနိုင်ငံသို့အစာအိမ်ဆေး OMEZ Omeprazole 20 mg Capsule& 40 mg Injection တင်သွင်းသည့် ဆယ်နှစ်ပြည့်အထိမ်းအမှတ်မှစတင်၍ ရွှေ OMEZ ကုသိုလ်အစီအစဉ်အနေဖြင့် မြန်မာနိုင်ငံ ဆရာဝန်များအသင်းအဖွဲ့မှ လိုအပ်သော နေရာများ၌ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ငွေများ လှူဒါန်းခဲ့ကြောင်း Country Manager Mr.S.Kumar ကရှင်းလင်းပြောကြားပြီး ယခုနှစ်တွင် တစ်ဆယ့်တစ်နှစ်ပြည့်မြောက်သည့်အနေဖြင့် အလှူငွေကျပ် နှစ်ဆယ့်ခုနစ်သိန်းကို မြန်မာနိုင်ငံ ခွဲစိတ်ဆရာဝန်များအသင်းသို့ ပေးအပ်လှူဒါန်းရာ (Surgical Society) အသင်းကိုယ်စား ခွဲစိတ်အထူးကုဆရာဝန်ကြီး ဥက္ကဋ္ဌ Professor ဦးဟန်ဝင်းက လက်ခံပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးနှိမ်နင်းရေး နည်းပြသင်တန်းဖွင့်

ရန်ကုန်　မတ်　၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးလုပ်ငန်း နည်းပြသင်တန်းကို မတ် ၆ ရက် နံနက် ၉ နာရီက အထက(၁) ရွှေပြည်ရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပို့ချ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးများအကြောင်းကို မြို့နယ်ဆရာဝန်ကြီး ဦးမိုးမြင့်ဇော်ဝင်း၊ ကျန်းမာရေးမှူး ဦးဝင်းမောင်၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချကြသည်။

သင်တန်းသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီး
အစဉ်သတိပြု

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိ

ရန်ကုန်　မတ်　၈

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိ၊ မန္တလေးတိုင်းတွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီ စင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် အောင်လံမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၉ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ဘဝဒဿန

- *Ability doesn't count, knowledge is useless, experience has no worth without the driving force of optimism.*

- *အကောင်းမြင်ဝါဒ မရှိလျှင် အရည်အချင်းကို ထည့်တွက် စဉ်းစားစရာ မလိုသကဲ့သို့ ဗဟုသုတသည်လည်း အသုံးမဝင်တော့ဘဲ အတွေ့အကြုံသည်လည်း တန်ဖိုးမရှိတော့ပါချေ။*

ဟားမတ်ကော့ဖ်မန်း
(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်)

အဏ္ဏဝါ သိပ္ပံ

ပင်လယ် သမုဒ္ဒရာရေများကို သန့်စင်ပေးနိုင်သည့် ဝါးပင်ကဲ့သို့သော သန္တာကျောက်တန်းများတွေ့ရှိ



ဟာဝိုင်ယီကျွန်း ကမ်းလွန်ပင်လယ် ရေမျက်နှာပြင်ကြမ်းခင်းတွင် ဝါးပင်ကဲ့သို့ သဘာဝကျောက်တန်းများ တွေ့ရှိရသည်ဟု အမေရိကန် အဏ္ဏဝါဗေဒ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ယပ်တောင်သဖွယ်

ရေအောက်ဝါးပင်ပုံသဏ္ဍာန် သန္တာကျောက်များမှာ အသစ်ရှာဖွေတွေ့ရှိရသည့် မျိုးစိတ်သစ်များ ဖြစ်သည်။ ယခင်ကတွေ့ရှိရသော သန္တာကျောက်တန်းမျိုးများနှင့်မတူဘဲ မျိုးစိတ်သစ်ဖြစ်ရာ ပုံသဏ္ဍာန်မှာ ယပ်တောင်သဖွယ်ဖြစ်တည်နေသည်။

သုတေသနပြုချက်အရ ယခုတွေ့ရှိရသည့် သန္တာကျောက်တန်းမျိုးစိတ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ခန့်က စတင်ဖြစ်တည်ခဲ့သည့် ရေအောက်သန္တာကျောက်တန်းမျိုးဖြစ်ကြောင်း သိရသည်။

သန့်စင်ပေးနိုင်

ဝါးပင်များကဲ့သို့ ဖြစ်တည်နေသော ဤရေအောက်သန္တာကျောက်တန်းများမှာ ပင်လယ်နှင့် သမုဒ္ဒရာရေများကို အက်စစ်ဓာတ်ပါဝင်မှုမှ လျော့နည်းစေပြီး ပင်လယ်ရေညစ်ညမ်းမှုများကို သန့်စင်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့လူဦးရေအများဆုံး တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှတိုက် အရှေ့ဘက်ဒေသတွင် တည်ရှိသည်။ နှစ်ပေါင်း ၄၀၀၀နီးပါးအချိန်မှစ၍ ယဉ်ကျေးမှုအခြေခိုင်လာသည့် ဤနိုင်ငံသည် ကမ္ဘာပေါ်၌ လူဦးရေအများဆုံးဖြစ်သည်။ ခေတ်သစ်ကမ္ဘာကြီးကို အုတ်မြစ်ချ ထူထောင်ရာ၌ ဤနိုင်ငံက စတင်တီထွင်ခဲ့သည့် စက္ကူ၊ ယမ်းမှုန့်၊ ကွန်ပါနှင့် ငွေစက္ကူအစရှိသောအရာ အများအပြား ပါဝင်သည်။

ဆွဲဆောင်နိုင်

ကွယ်လွန်သူဥက္ကဋ္ဌကြီး မော်စီတုန်းလက်ထက် နှစ်ပေါင်း ၂၀ကျော်ကြာ စီးပွားရေး တုံ့ဆိုင်းမှုကြုံရပြီးနောက်၊ ယခုအခါ ဤနိုင်ငံသည် ကမ္ဘာပေါ်၌စီးပွားရေး ဖွံ့ဖြိုးမှု အမြန်ဆုံးနိုင်ငံဖြစ်လာသည်။ ၁၉၈၀ပြည့်လွန်နှစ်များ အစောပိုင်းတွင် စုပေါင်းလယ်ယာကို ဖျက်သိမ်းပြီး ပုဂ္ဂလိကလုပ်ငန်းကို တစ်ဖန်ခွင့်ပြုလိုက်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့ပို့ကုန် အများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဆွဲဆောင်နိုင်သည်။ ထို့ပြင် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုများ အများအပြား ထူထောင်နိုင်သည်။

ပြန်လည်ရွေးချယ်

ဤနိုင်ငံ၏ လက်ရှိသမ္မတမှာ ဟူကျင်တောင်ဖြစ်သည်။ ၂၀၀၃ခုနှစ် မတ်လတွင် ၎င်းအား တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ပြီး ၂၀၀၈ခုနှစ်မတ်လတွင်သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

အောင်ပွဲခံ

သမိုင်းကိုပြန်ကြည့်လျှင် ဤနိုင်ငံ၌ နှစ်၂၀ကျော် ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ၁၉၄၉ခုနှစ် အောက်တိုဘာ ၁ရက်တွင် မော်စီတုန်းဦးဆောင်သည့် ကွန်မြူနစ်တို့က အမျိုးသားရေးဝါဒီများအပေါ် အောင်ပွဲခံအနိုင်ရလိုက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်လိုက်သည်။အမျိုးသားရေးဝါဒီများ ထိုင်ဝမ်ကျွန်းသို့ဆုတ်ခွာကာ အစိုးရဖွဲ့စည်းသည်။

၁၉၅၀ပြည့်နှစ် ကိုရီးယားစစ်ပွဲဖြစ်သောအခါ မြောက်ကိုရီးယားဘက်မှ ကူညီသည်။ ထိုနှစ်တွင် တိဗက်သည် ဤနိုင်ငံ၏အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ၁၉၅၈ခုနှစ်တွင် မော်စီတုန်းက ခုန်ပျံကျော်လွှား ငါးနှစ်စီးပွားရေးစီမံကိန်းကို စတင်လိုက်သည်။

ဆက်ဆံရေးထူထောင်

၁၉၆၆-၁၉၇၆ခုနှစ်များသည် မော်စီတုန်း၏ ယဉ်ကျေးမှုတော်လှန်ရေး ဆင်နွှဲသည့်ကာလဖြစ်သည်။ ၁၉၇၂ခုနှစ်တွင် အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင် လာရောက်လည်ပတ်သည်။ နှစ်နိုင်ငံပုံမှန်ဆက်ဆံလိုကြောင်းကို ထုတ်ပြန်ကြေညာသည်။ ၁၉၇၆ခုနှစ်တွင် မော်စီတုန်းကွယ်လွန်သည်။ လေးဦးဂိုဏ်း အရေးယူခံရသည်။ တိန့်ရှောင်ဖိန်က စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သည်။ ၁၉၇၉ခုနှစ်တွင် တရုတ်-အမေရိကန် သံတမန် ဆက်ဆံရေးထူထောင်သည်။

စတော့ဈေးကွက်များဖွင့်လှစ်

၁၉၈၉ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးရာထူးကို ကျန်ဇီမင်းက ကျောက်ကျိယန်ထံမှ လွှဲယူသည်။ ရှန်ဟဲနှင့် ရှင်ကျင့်တွင် စတော့ဈေးကွက်များဖွင့်လှစ်သည်။ ၁၉၉၃ ခုနှစ်တွင် ယန်ရှန်ကွန်းအား သမ္မတအဖြစ်မှ ကျန်ဇီမင်းကဖယ်ရှားလိုက်သည်။ ၁၉၉၇ ခုနှစ်တွင် တိန့်ရှောင်ဖိန် (၉၂)နှစ် ကွယ်လွန်သည်။ ထိုနှစ်တွင် ဟောင်ကောင်ဒေသ ပိုင်ရှင်တရုတ်ပြည် အုပ်ချုပ်မှုအောက် ပြန်ရောက်သည်။ ၁၉၉၉ ခုနှစ်တွင် မကာအိုဒေသသည်လည်း ပိုင်ရှင်တရုတ်ပြည် အုပ်ချုပ်မှုအောက် ပြန်ရောက်သည်။

သမ္မတအဖြစ်ရွေးချယ်

၂၀၀၁ ခုနှစ် နိုဝင်ဘာလတွင် ဤနိုင်ငံကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) သို့ဝင်ခွင့်ရသည်။ ၂၀၀၃ ခုနှစ်မတ်လတွင် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က ဟူကျင်တောင်အား သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည်။ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် သမ္မတဟောင်းကျန်ဇီမင်းသည် မူလအချိန်သတ်မှတ်ချက်ထက် သုံးနှစ်စောပြီး ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သည်။

အာကာသယာဉ်လွှတ်တင်

၂၀၀၃ ခုနှစ်အောက်တိုဘာလတွင် ပထမဆုံးလူလိုက်ပါသည့် အာကာသယာဉ်ကို လွှတ်တင်သည်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် လွှတ်တင်သည်။ ၂၀၀၅ ခုနှစ် တရုတ်နှင့် ရုရှားတို့ ပထမအကြိမ် စစ်ရေးလေ့ကျင့်မှု ပြုလုပ်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် အာကာသအတွင်း ဒုံးပျံစမ်းသပ်ပြီး မိုးလေဝသဂြိုဟ်တုတစ်လုံးကို ပစ်ချသည်။

ပေကျင်းအိုလံပစ်ပွဲတော်

၂၀၀၈ ခုနှစ်မေလတွင် စီချွမ်ပြည်နယ်၌ အင်အားပြင်း ငလျင်လှုပ်သည်။ ထိုနှစ် ဩဂုတ်လတွင် ပေကျင်းအိုလံပစ်ပွဲတော်ကို လက်ခံကျင်းပသည်။ ထိုနှစ် စက်တင်ဘာလတွင် တတိယအကြိမ် လူလိုက်ပါသည့်အာကာသယာဉ်လွှတ်တင်ပြီး ပထမဆုံး အကြိမ် အာကာသတွင် လူထွက်လမ်းလျှောက်သည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီတွင် လာမည့်နှစ် ၂၀အတွင်း ရုရှားရေနံဝယ်ယူရေး ရုရှား-တရုတ်သဘောတူစာချုပ် လက်မှတ်ရေးထိုးသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှတိုက် အရှေ့ဘက်ဒေသတွင် တည်ရှိ၊ နှစ်ပေါင်း ၄၀၀၀နီးပါး အချိန်မှစ၍ ယဉ်ကျေးမှု အခြေခိုင်လာသည့် ဤနိုင်ငံသည် ကမ္ဘာပေါ်၌ လူဦးရေအများဆုံးဖြစ်၊ ခေတ်သစ်ကမ္ဘာကြီးကို အုတ်မြစ်ချ ထူထောင်ရာ၌ ဤနိုင်ငံက စတင်တီထွင်ခဲ့သည့် စက္ကူ၊ ယမ်းမှုန့်၊ ကွန်ပါနှင့် ငွေစက္ကူ အစရှိသော အရာ အများအပြားပါဝင်။

အင်တာနက်ကျန်းမာရေး



အလူမီနီယံပါဝင်သော သောက်သုံးရေများ အယ်လ်ဇိုင်းမား ရောဂါဖြစ်ပွားနိုင်ဟုဆို

အလူမီနီယံဓာတ် ပါဝင်သော သောက်သုံးရေများကို သောက်သုံးပါက အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှု အခွင့်အလမ်း ပိုမိုများပြားစေကြောင်း ပြင်သစ်နိုင်ငံ ဘော့ဒိုးမြို့မှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

အယ်လ်ဇိုင်းမားရောဂါသည် အလူမီနီယံဓာတ်နှင့်ဆက်စပ်မှုရှိရာ အချို့ သောက်သုံးရေများတွင် အလူမီနီယံသတ္တုဓာတ်များရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ကမ္ဘာ့နိုင်ငံများတွင် သောက်သုံးနေသော သောက်သုံးရေအများစုမှာ အလူမီနီယံဓာတ်များပါဝင်နေသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

တွန်းအားပေး

သောက်သုံးရေများတွင် အလူမီနီယံဓာတ် ပါဝင်ခြင်းသည် ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ပြောင်းလဲမှုများကို ထိခိုက်စေသည်ဖြစ်ရာ အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်စေသည်ဟု ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ကြောင့် အလူမီနီယံဓာတ် ကင်းစင်သောသောက်သုံးရေများကိုသာ သောက်သုံးရန် ပြင်သစ်သုတေသနပညာရှင်များက အကြံပြုထားသည်။ **(အင်တာနက်)**

ဘဝအမောပြေ

အသက်အရွယ် ....

လေးနှစ်အရွယ်သားငယ်က မိခင်ဖြစ်သူအား သိလိုသည့်အကြောင်းအရာများကို မေးမြန်းလေသည်။

သားငယ် ။ ။ မာမီ...သားအသက်ဘယ်လောက်ရှိပြီလဲဟင်။
မိခင် ။ ။ လေးနှစ်ရှိပြီလေ၊ ဘာဖြစ်လို့လဲ။
သားငယ် ။ ။ ဘာမှမဖြစ်ပါဘူး။ သိချင်လို့ပါ၊ နောက်ထပ် ၁၀ရက်ခန့်ကြာသော်-
မိခင် ။ ။ သား-ဘာများမေးဦးမလဲ။
သားငယ် ။ ။ သား-အသက်ဘယ်လောက်ရှိပြီလဲ။
မိခင် ။ ။ ဟိုတစ်နေ့က ပြောထားပြီးပြီလေ၊ လေးနှစ်ရှိပြီလို့။
သားငယ် ။ ။ ဒါဆိုရင် သားအသက်က လေးနှစ်ကနေ ထပ်ပြီးမကြီးတော့ဘူးပေါ့။
မိခင် ။ ။ 'ဟေ'

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဥပ္ပါတသန္တိစေတီတော်

ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တို့အား နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့ စေတီတော်အထွတ်သို့ ဦးစီးတင်လှူပူဇော်

မတ် ၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် မိသားစုဝင်များ ရတနာငှက်မြတ်နားတော်အား ရွှေကရိန်းမည်သာ မင်္ဂလာစက်ယန္တရားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးကြစဉ်။

(သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မတ် ၈ ရက်က ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ရတနာငှက်မြတ်နားတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က မင်္ဂလာဝေါယာဉ်ဖြင့် ပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြစဉ်။ (သတင်း-ရွှေ့ဖုံး) (သတင်းစဉ်)

9-3 (20).pmd 1 3/9/2009, 2:10 AM